# COMPREHENSIVE MOTOR INSURANCE CHECKLIST-1
# အလုံးစုံမော်တော်ယာဉ်အာမခံအကြောင်းသိကောင်းစရာ (၁)

### အာမခံအကာအကွယ်

### Coverage

- ☐ ယာဉ်မတော်တဆ ထိခိုက်ခြင်း၊ တိမ်းမှောက်ခြင်း၊ စက်တပ်ယာဉ်အချင်းချင်း တိုက်မိခြင်း။

  By accidental collision or overturning consequent upon mechanical breakdown or consequent upon wear and tear of parts of the vehicle
- ☐ ယာဉ်မီးလောင်ခြင်း၊ ပြင်ပပေါက်ကွဲမှုကြောင့် မိမိယာဉ်ထိခိုက်ပျက်စီးခြင်း၊ မိုးကြိုးပစ်ခြင်း။

  By fire, external explosion, self-ignition or lightning.
- ☐ မသမာသောစိတ်ဖြင့် ဖျက်ဆီးခံရခြင်း။

  By malicious act
- ☐ ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်းတို့ဖြင့် သယ်ယူပို့ဆောင်စဉ် ပျက်စီးခြင်း။

  Whilst in transit (including the processes of loading and unloading incidental to such transit) by road, rail, inland waterway, lift or elevator
- ☐ ယာဉ်ပေါ်သို့ ပစ္စည်းတစုံတခု ပြုတ်ကျ၍ ပျက်စီးခြင်း။

  By impact damage caused by falling objects provided no convulsion of nature is involved.

### အပိုအကာအကွယ်

### Additional Coverage

- ☐ လေကာမှန် ကွဲအက်ပျက်စီးခြင်း။ (မထားမနေရ)

  Breakage of  windscreen glass (compulsory)
- ☐ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ဆူပူထကြွ မငြိမ်မသက်ဖြစ်ခြင်းကြောင့် ဖျက်ဆီးခံရခြင်း။

  Strike, Riot, Civil Commotion (S.R.C.C)
- ☐ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခြင်း။ (ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်း၊ မီးတောင် ပေါက်ကွဲခြင်း။)

  Natural Disasters - Acts of God (Flooding, Storm, Earthquake, Landslide, Landslip, Subsidence, Volcanic eruption)
- ☐ စစ်ဘေးအန္တရာယ်၊ စစ်နှင့် စစ်အသွင်ကြောင့် ပျက်စီးခြင်း။

  War Risk
- ☐ ခိုးယူမှုအန္တရာယ် အကာအကွယ်ယူထားလျှင် ခိုးယူခြင်းခံရပါက သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရမည်။ ယာဉ်တစီးလုံး ခိုးယူခံရမှုအတွက် အနည်းဆုံး (၆) လခန့် အကြာထိ စုံစမ်း၍ပြန်လည်မရရှိနိုင်ကြောင်း ရဲထောက်ခံချက်ရရှိမှသာ ပေးလျော်ပါမည်။

  If you are insured from theft risk, you must report the theft to the relevant police station. For theft risk, the theft will be investigated at least six months after the police report that the theft could not be recovered.

### ယာဉ်ထိခိုက်မှုဖြစ်ပွားပါက

### In the event of accident

- ☐ ထိခိုက်ပျက်စီးသောယာဉ် မရွေ့လျားနိုင်ပါက ယာဉ်အား လုံခြုံစိတ်ချရသည့်နေရာ (သို့) အနီးဆုံး (Workshop) သို့ ဆွဲယူသည့် ကုန်ကျစရိတ်အတွက် ပေးလျော်ငွေမှာကျပ်(၁၀၀,၀၀၀)သာ အများဆုံးပေးလျော်ပါမည်။

  The cost of shifting the vehicle to a safe place or to the nearest workshop if the damaged vehice is unable to move will have a  maximum  indemnity of MMK 100,000 .
- ☐ မော်တော်ယာဉ်ပြင်ဆင်ရာတွင် AYA SOMPO ၏ Authorized Workshop များတွင်ပြင်ဆင်ရမည်။ မိမိစိတ်ကြိုက် Workshop တွင်ပြင်ဆင်လိုပါက မပြင်ဆင်မီ AYA SOMPO မှ စာဖြင့်ရေးသား သဘောတူ ခွင့်ပြုချက်ရမှသာ ပြင်ဆင်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို AYA SOMPO မှ သတ်မှတ်သည့် ပြင်ဆင်စရိတ်ကိုသာ ပေးလျော်မည် ဖြစ်ပါသည်။

  Vehicle repair must be done at AYA SOMPO Authorized Workshops.,unless otherwise customer decides to select preferred workshop.In the event of a customer preferred workshop,amendments must be made and informed AYA SOMPO.For customer preferred workshops,repair cost may need to be borne by the customer and AYA SOMPO will reimburse the verified amount of the repair.

- [ ] မော်တော်ယာဉ် ပြင်ဆင်ရာတွင် ပြုပြင်၍ မရမှသာ အစိတ်အပိုင်းများအား အစားထိုးလဲလှယ်ခြင်းကို ခွင့်ပြုမည်ဖြစ်ပါသည်။ မလိုအပ်ဘဲ ပြင်ဆင်လဲလှယ်သော အစိတ်အပိုင်းများအတွက် ကုန်ကျစရိတ်အား မော်တော်ယာဉ်ပိုင်ရှင်မှ ကျခံရပါမည်။
  Replacement of parts will only be allowed if the vehicle’s parts are irreparable. The owner of the vehicle will be responsible for any unnecessary replacement parts
- [ ] ပျက်စီးဆုံးရှုံးမှုများအတွက်ငွေသားဖြင့် (သို့) ယာဉ်နှင့် ယာဉ်အစိတ်အပိုင်းများ၊ ယာဉ်အပိုပစ္စည်းများအား ပြုပြင်ပေးခြင်း(သို့) အစားထိုးလဲလှယ်ပေးခြင်းတို့ဖြင့် ပေးလျော်နိုင်ပါသည်။
  Insured will be paid for damages in cash or repair/ replacement of parts or spare parts of the vehicle.
- [ ] ကုမ္ပဏီ၏ ပေးလျော်ရန်တာဝန်သည် ပျက်စီးသောအစိတ်အပိုင်း၏တန်ဖိုး (သို့) ယင်းအစိတ်အပိုင်းအား ပြင်ဆင်သည့်သင့်တော်သော ကုန်ကျစရိတ်ထက် ပိုမများစေရ၊ ကုမ္ပဏီမှအများဆုံး လျော်ကြေးငွေပမာဏမှာ ပေါ်လစီတွင်ဖော်ပြထားသော အာမခံထားငွေပမာဏ ဖြစ်သည်။
  The Company's obligation to pay shall not exceed the value of the damaged part or the reasonable cost of repairing the said part, The maximum amount of compensation owed by the company is the sum insured stated in the policy.
- [ ] အာမခံထားရှိသည့် ယာဉ်၏ မှားယွင်းမှုကြောင့် တဖက်မှနစ်နာသည့် ကိစ္စရပ်တွင် အာမခံကုမ္ပဏီမှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီသာ ပေးလျော်မည် ဖြစ်ပါသည်။
  In the event of an accident caused by the fault of the insured vehicle, compensation will only be paid in accordance with the rules and regulations set by the insurance company.
- [ ] ယာဉ်လမ်းကြောင်းမမှန်ကန်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ဖောက်ဖျက်ခြင်း အစရှိသည့်ကြောင့် ထိခိုက်မှုသည် မိမိ၏ ပေါ့လျော့မှုဖြစ်သဖြင့် ယာဉ်ပိုင်ရှင်တွင်တာဝန်ရှိပြီးလျော်ကြေးအပြည့်အဝမရရှိနိုင်ပါ။
  The owner of the vehicle is responsible for the damage caused by the wrong route, violation of traffic rules and regulations and the insurance company is not liable for full compensation.
- [ ] အာမခံထားသည့်မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသော အကျုံးဝင် ယာဉ်မောင်းလိုင်စင်နှင့်အကျုံးဝင်ယာဉ်မှတ်ပုံတင်ကဒ်ပြား Certificate of Vehicle Registration တင်ပြနိုင်မှသာလျော်ကြေးအကျုံးဝင်ပါမည်။ (ဥပမာ - နံပါတ်အနီမော်တော်ယာဉ်အမျိုးအစားများအားအနည်းဆုံး(ဃ)လိုင်စင်ကိုင်ဆောင်သူသာအကျုံးဝင်ပါသည်။ ယာဉ်မောင်းလိုင်စင်နှင့် Certificate of Vehicle Registrationသက်တမ်းကျော်လွန်နေပါက ပေါ်လစီစည်းကမ်း အရ လျော်ကြေးအကျုံးမဝင်ပါ။)
  Compensation can only be paid if the insured can submit a valid driver's license and a valid vehicle registration certificate, depending on the type of vehicle the insured is using. (Example: Red number plates required at least D-license Holders. Compensation is not covered by the policy regulations if the driver's license and Certificate of Vehicle Registration have expired.)
- [ ] AYA SOMPO ၏ Authorized Workshopသို့ Customer မှ ကိုယ်တိုင်အပ်နှံ၍ လိုအပ်သည်များကို Workshop နှင့် ညှိနှိုင်းပြင်ဆင်ပြီးလျှင် ယာဉ်ပြင်ဆင်မှု ကျေနပ်ကြောင်း လက်မှတ်ရေးထိုးရမည် ဖြစ်သည်။
  For repairs conducted at AYA SOMPO Authorised Workshops, insured is required to sign the Vehicle Satisfaction Form after the repair.

## လျော်ကြေးအကျုံးမဝင်သည့်အချက်များ
## Exclusions

- [ ] မြန်မာနိုင်ငံနယ်နိမိတ် ပြင်ပတွင်ဖြစ်ပေါ်ခဲ့သော ဆုံးရှုံးပျက်စီးမှုများအတွက် အကျုံးမဝင်ပါ။
  The accident in order for the claim to be valid,should not have occurred outside of the territory of the Republic of the Union of Myanmar.
- [ ] အကျိုးဆက်ဆုံးရှုံးမှု၊ အသုံးပြုခြင်းကြောင့် ယိုယွင်းပြုန်းတီးပျက်စီးခြင်း၊ စက်ချို့ယွင်းခြင်း၊ လျှပ်စစ်ဆိုင်ရာပြတ်တောက်ခြင်း၊ ကျိုးပဲ့ခြင်း။
  (ဥပမာ - မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုကြောင့် ယင်းမော်တော်ယာဉ်အား ဆက်လက်မောင်းနှင်ရန် မသင့်တော်သော်လည်း ဆက်လက်မောင်းနှင်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် ဆုံးရှုံးမှုများမှာ ယာဉ်ပိုင်ရှင်၏ တာဝန်သာဖြစ်ပါသည်။)
  Consequential loss; Deterioration due to use; Mechanical failure; Power outages; Fracture (For example, the owner is responsible for any consequences of continuing to drive the vehicle when it is no longer appropriate to drive due to damage to the vehicle.)
- [ ] ဝန်ပိုတင်ဆောင်ခြင်း (သို့) ယာဉ်သတ်မှတ်ခံနိုင်ဝန်ထက်ပို၍ တင်ဆောင်ခြင်းကြောင့်ပျက်စီးဆုံးရှုံးခြင်း။
  Damage due to overloading and misuse of the vehicle.

- ☐ ယာဉ်ထိခိုက်မှုနှင့်တချိန်တည်း ဖြစ်ခြင်းမဟုတ်သည့် တာယာများပျက်စီးခြင်း။

  Damage to the vehicle as a result of non-conforming tyres.

- ☐ တစ်စုံတစ်ဦး၏ လိမ်ညာမှုကြောင့် (သို့) ယင်းနှင့်ဆက်နွယ်သောအကြောင်းကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှု။

  Damage caused by or through fraudulent acts or similar intent.

- ☐ တစ်စုံတစ်ဦး၏ ရာဇဝတ်မှုမြောက်သည့် ယုံကြည်အပ်နှံခြင်း ကိုဖောက်ဖျက်ခြင်းကြောင့်ဖြစ်စေ၊ ယင်းနှင့်ဆက်နွယ်သောကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှု။

  Damage caused by or through criminality.

- ☐ အာမခံထားသူနှင့် အခြားသူတစ်ဦး ချုပ်ဆိုထားသည့် သဘောတူညီမှုကြောင့် ဖြစ်ပေါ်လာသော ပေးလျော်ရန် တာဝန်များမှာ လျော်ကြေးအကျုံးဝင်မည်မဟုတ်ပါ။

  Compensation obligations arising from an agreement between the insured and another person will not be covered.

- ☐ ရေဒီယိုသတ္တိကြွခြင်း၊ နျူးကလီးယားပါဝါ (သို့) နျူးကလီးယားအသုံးပြုမှုနှင့် ပတ်သက်၍ဖြစ်ပေါ်သည့် ဆုံးရှုံးမှုများ၊ နျူးကလီးယားလက်နက်ကြောင့် ပျက်စီးသည့် အပျက်အစီးများသည် အာမခံအကျိုးခံစားခွင့် မရရှိနိုင်ပါ။

  Radioactivity, Losses arising from the use of nuclear power,damage caused by nuclear weapons are not covered.

- ☐ အဆိုလွှာတွင် ယာဉ်အသုံးပြုပုံကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပေးရမည်။ အဆိုလွှာတွင် ဖော်ပြထားသည့် ကိစ္စမှလွဲ၍ အခြားနည်းဖြင့် အသုံးပြုခြင်းကြောင့် ဆုံးရှုံးပျက်စီးမှုများအတွက် လျော်ကြေး အကျုံးမဝင်ပါ။

  Compensation obligations arising from an agreement between the insured and another person will npt be covered.

- ☐ အသုံးပြုပုံပြောင်းလဲခြင်း၊ ယာဉ်ပုံစံ/စွမ်းအင်ပြုပြင်မွမ်းမံခြင်း၊ ယာဉ်ပြောင်းလဲခြင်း၊ ပိုင်ရှင်ပြောင်းလဲခြင်းစသည့် ပြောင်းလဲခြင်းများဖြစ်ပါက AYA SOMPO သို့ အကြောင်းကြားရပါမည်။ အကြောင်းမကြားဘဲ အသုံးပြု၍ ဖြစ်ပေါ်လာသော ကိစ္စများအတွက် လျော်ကြေးအကျုံးမဝင်ပါ။ (ဥပမာ - ကိုယ်ပိုင်ယာဉ်မှ အငှားယာဉ် အဖြစ်ပြောင်းလဲ အသုံးပြုခြင်း။)

  AYA SOMPO must be notified in case of any changes ,such as changes in usage of vehicle, vehicle design / engine modifications, modifications of vehicle, and change in ownership. Compensation does not apply to unauthorized use., for example converting from private vehicle to a rental vehicle.

- ☐ **တစ်စုံတစ်ယောက်၏ ဥပဒေနှင့်ဆန့်ကျင်သည့်အပြုအမူ (Illegal Act) ကြောင့် တိုက်ရိုက် (သို့) သွယ်ဝိုက်၍ဖြစ်စေ အာမခံထားသည့် မော်တော်ယာဉ် ဆုံးရှုံးခြင်း (သို့) ပျက်စီးခြင်း (သို့)အာမခံထားသူသို့တာဝန်ရှိမှုဖြစ်ပေါ်လာသော နောက်ဆက်တွဲအကျိုးသက်ရောက်မှုအမျိုးမျိုးအတွက် ရောဆွန်ပိုအာမခံတွင် တာဝန်ရှိမည်မဟုတ်ပါ။**

  AYA SOMPO Insurance shall not be liable for any consequential loss or damage to the Insured Vehicle, either directly or indirectly, as a result of any illegal act.

**Hotline နံပါတ် 09 777 100 555 (Customer Service), 09 777 100 999 (Claim)** သို့ အချိန်မရွေး ဖုန်းဆက် အကြောင်းကြားနိုင်ပါသည်။

**"မှတ်ချက်"**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီချုပ်ဆိုထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှုလေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

"Remark"

This checklist is intended for general information only. This is neither the insurance policy nor the proposal form. None in this checklist constitutes to a finanical advisory or the issuance of a contract.You are required to know and understand the text stated in this checklist before signing.

| အာမခံလက်ခံသူ<br>Insurer | | အာမခံထားသူ<br>Insured | |
| --- | --- | --- | --- |
| လက်မှတ်<br>Signature | | လက်မှတ်<br>Signature | |
| ဝန်ထမ်းအမည်<br>Employee's Name | | အမည်<br>Name | |
| ရာထူး<br>Position | | ဖုန်းနံပါတ်<br>Phone No. | |
| နေ့စွဲ<br>Date | | နေ့စွဲ<br>Date | |

## Mobile Plant များအာမခံထားရှိရာတွင် ကြိုတင်သိရှိရမည့်အချက်များ

## Prerequisites for Mobile Plant Insurance

- ☐ Excavator (သို့) Wheel Loader( Mobile Plant) ယာဉ်များကို ၄င်းတို့အသုံးပြုရန် သတ်မှတ်ထားသော နေရာ၊အခြေအနေတွင်သာ အသုံးပြုသင့်သည်။

  Excavators or Wheel Loaders (Mobile Plants) should only be used in environments of their intended design.

- ☐ သို့ဖြစ်ပါ၍ မြေပြင်တွင် အသုံးပြုရမည့် Excavator (သို့) Wheel Loader များအား ရေထဲတွင်(သို့) ရေမျက်နှာပြင်ပေါ်တွင် အသုံးပြု၍ မရပါ။ အဆိုပါ ယာဉ်များ၏ အသုံးပြုပုံအသုံးပြုသည့်နေရာဒေသကွဲလွဲမှုကြောင့်သော်လည်းကောင်း၊မောင်းနှင်မည့်သူပြောင်းလဲ၍သော်လည်းကောင်းအပြောင်းအလဲများရှိခဲ့ပါကအာမခံ ကုမ္ပဏီသို့ ကြိုတင်အကြောင်းကြားရမည် ဖြစ်ပါသည်။

  Therefore, Excavator or Wheel Loader (Mobile Plant) designed to be used on the ground should not be used on waterways or bodies of water. If there are any changes on the location and specification of use for said excavators or wheel loaders (mobile plants), the insured must notify the insurance company immediately.

- ☐ အာမခံ ပေါ်လစီပါ အထွေထွေ စည်းကမ်းချက် အပိုဒ် (၁) အပိုဒ်ခွဲ (၁-က) နှင့်(၁-ခ)တွင် အဆိုလွှာ၌ဖော်ပြထားသော အသုံးပြုပုံနှင့် အသုံးပြုသည့် နေရာဒေသ ကွဲလွဲပြီး အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ပျက်စီး ဆုံးရှုံးမှုကို အာမခံကုမ္ပဏီမှ ပေးလျော်ရန် တာဝန်မရှိ ကြောင်း ဖော်ပြထားပြီး ဖြစ်ပါသည်။

  Article 1, sub-sections (1-a) and (1-b) of the General Terms and Conditions of the insurance policy state that the insurance company is not liable for any damages caused by the misuse of the aforementioned vehicles.

- ☐ ထို့အပြင် Excavator (သို့) Wheel Loader (Mobile Plant) များအား မောင်းနှင်မည့်သူသည် လုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိသူ ဖြစ်ရမည် ဖြစ်ပြီး မောင်းနှင်မည့်သူ၏ အမည်နှင့်မှတ်ပုံတင်အမှတ်အား အာမခံကုမ္ပဏီသို့ ကြိုတင်အကြောင်းကြားထားရမည် ဖြစ်ပါသည်။

  In addition, the driver of the Excavator or Wheel Loader (Mobile Plant) must have at least 3 years of work experience and the driver's name and registration number must be notified in advance to the insurance company.

- ☐ ကြိုတင်အကြောင်းမကြားပဲ ဖြစ်ပေါ်လာသည့် လျော်ကြေးကိစ္စများနှင့်ပတ်သက်၍ အာမခံ ကုမ္ပဏီမှ တာဝန်မရှိကြောင်းကြိုတင်အသိပေးအပ်ပါသည်။

  The insurance company is not responsible for any compensation that occurs without prior notice of any changes.

## လျော်ကြေးအကျုံးမဝင်သည့်အချက်များ

## Exclusions

- ☐ လုပ်ငန်းခွင်မဟုတ်သော အများပြည်သူသုံးလမ်းများပေါ်တွင် ထိခိုက်မှုဖြစ်ပါက လျော်ကြေး အကျုံး မဝင်ပါ။

  Compensation is not applicable to damage on non-workplace public roads.

- ☐ Excavator (သို့) Wheel loader (Mobile Plant) များ အသုံးပြုမှုကို ထိခိုက်စေသည့် ပျက်စီးမှုကိုသာ လျော်ကြေးအကျုံးဝင်ပါသည်။ဆေးပွန်းရုံ၊ ပိန်ချိုင့်ရုံမျှ ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း ပြုလုပ်မည် မဟုတ်ပါ။

  Compensation is only for damages that affect the use of the Excavator or Wheel Loader (Mobile Plant). There will be no compensation for damage to scrape or small damages.

- ☐ အင်ဂျင်အမှတ် ၊ဘောင်အမှတ်များကိုသာ ယာဉ်အမှတ်အဖြစ် အသုံးပြုထားသောကြောင့် အင်ဂျင်အမှတ် ၊ဘောင်အမှတ်များ ပြောင်းလဲတပ်ဆင်ထားပါက လျော်ကြေး အကျုံးမဝင်ပါ။

  If there is a discrepancy in the engine number and/or the frame number of the excavator or wheel loader (mobile plant), the claim will not be compensated.

# COMPREHENSIVE MOTOR INSURANCE INFORMATION CHECKLIST-2
# အလုံးစုံမော်တော်ယာဉ်အာမခံအကြောင်း သိကောင်းစရာ (၂)

**Hotline နံပါတ် 09 777 100 555 (Customer Service), 09 777 100 999 (Claim)** သို့ အချိန်မရွေး ဖုန်းဆက် အကြောင်းကြားနိုင်ပါသည်။

**“မှတ်ချက်”**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီချုပ်ဆိုထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှုလေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

“Remark”

This checklist is intended for general information only. This is neither the insurance policy nor the proposal form. None in this checklist constitutes to a finanical advisory or the issuance of a contract.You are required to know and understand the text stated in this checklist before signing.

| အာမခံလက်ခံသူ<br>Insurer | | အာမခံထားသူ<br>Insured | |
|---|---|---|---|
| လက်မှတ်<br>Signature | | လက်မှတ်<br>Signature | |
| ဝန်ထမ်းအမည်<br>Employee’s Name | ______________________ | အမည်<br>Name | ______________________ |
| ရာထူး<br>Position | ______________________ | ဖုန်းနံပါတ်<br>Phone No. | ______________________ |
| နေ့စွဲ<br>Date | ______________________ | နေ့စွဲ<br>Date | ______________________ |